## မာတိကာ


- ကဗျာဝိညာဉ် စီးဆင်းနေသောဝတ္ထုများ (ကြူကြူသင်း) ၁
- မြသွေးရည်၏ မုဒိတာကြယ်စင်စု (စမ်းစမ်းနွဲ့ သာယာဝတီ) ၆
- ရယ်ရင်းမောရင်း လွမ်းတစေသူ မြသွေးရည် (တင်တင်ဦး) ၉
- ကျေးဇူးတင်လွှာ ၁၇

၁။ ချစ်သူလူရွှင်တော် ၁၉
၂။ သီချင်းအတူဆိုရအောင် ၃၂
၃။ ကန္တာလမ်းကြမ်းပါစေ ၄၄
၄။ အနက်ရှိုင်းဆုံး ညီမျှခြင်း ၅၅
၅။ စိတ်လျှော်စက် ၆၁
၆။ ဆုံမှတ်တစ်ခု၏ အတ္ထုပ္ပတ္တိ ၆၈
၇။ အိပ်မက်ဥယျာဉ် ၇၇
၈။ ရွှေလက်ကမ်းတုံ့ လမ်းမဆုံခဲ့ ၈၉
၉။ တစ်ခါက ငွေလဝန်း ၁၀၁
၁၀။ ဒေင်သို့အပြန် ၁၁၃
၁၁။ ဝိညာဉ်ချစ် ၁၂၆
၁၂။ သူငယ်ချင်း ၁၃၇
၁၃။ တိမ်လွှာပန်းပု ထုဆစ်ခြင်း ၁၄၇
၁၄။ သမုဒယသံစဉ် ၁၅၄
၁၅။ စိန်သားနှစ် လိပ်ပြာ ၁၇၀
၁၆။ ရွှေရောင်တောင်ပံများ ၁၉၁


❑

## ကဗျာဝိညာဉ် စီးဆင်းနေသောဝတ္ထုများ

ချစ်ခင်ရသော ညီမလေး **'မြသွေးရည်'** ကို သူ့ကဗျာကလေးများမှတစ်ဆင့် စတင်ရင်းနှီးခဲ့ရခြင်းဖြစ်ပါသည်။ **၁၉၇၈ ခုနှစ်က "တိုင်းရင်းမေဂျာနယ်"** ထဲတွင် သူရေးခဲ့သည့် ကဗျာကလေးတစ်ပုဒ်ကို ယခုအထိ အမှတ်ရနေဆဲဖြစ်သည်။

- **အချစ်နဲ့အမုန်းတရား**
  **အဆုံးစွန်ထားတော့**
  **အပြစ်မဲ့နှလုံးသား**
  **အရှုံးခွန်အား ပွားရုံပေါ့** တဲ့။

မည်မျှ နှစ်သက်စရာကောင်းလှပါသနည်း။ ချစ်စရာကောင်းလှသော ကဗျာကလေးများကို ရေးဖွဲ့ရင်း ၁၉၈၀ ခုနှစ် နောက်ပိုင်းဝယ် အတွေးပါသော ဝတ္ထုတိုကလေးများကို သူ စတင်ရေးဖွဲ့လာသည်။ ယခု သူက သူ၏ဝတ္ထုတိုစုစည်းမှု စာအုပ်တွင် "အမှာစာရေးပေးပါ မမရေ" ဟု ခပ်နွဲ့နွဲ့ ခပ်ချိုချိုကလေး တောင်းခံလာပါသည်။

**"အမှာစာ"** တဲ့
**"အညွှန်းစာ"** တဲ့
**"မုဒိတာစကား"** တဲ့



**"မေတ္တာသဝဏ်"** တဲ့
**"ဝေဖန်သုံးသပ်ချက်"** တဲ့။

အခေါ်အဝေါ် အသုံးအနှုန်းတွေက အမျိုးမျိုး အထွေထွေ။ ကျွန်မကမူ သူ့ဝတ္ထုကလေးများကို ဖတ်ပြီး ရင်ထဲခံစားလာရသမျှကိုသာ ရေးဖြစ်ပါလိမ့်မည်။

**'မြသွေးရည်'** ၏ဝတ္ထုတိုစုစည်းမှုသည် သူကိုယ်တိုင် ရွေးချယ်စုစည်းထားသော ဝတ္ထုများဖြစ်သည်။ ရေးဖွဲ့သူကိုယ်တိုင် ရွေးချယ်ထားသော ဝတ္ထုကလေးများဖြစ်သဖြင့် သူကြိုက်နှစ်သက်ရာဝတ္ထုများဖြစ်မှာ သေချာသည်။ ဝတ္ထုဖန်တီးသူစိတ်ကြိုက်နှင့် ဖတ်ရှုသူတို့ နှစ်သက်မှုတူရန် ခဲယဉ်းပါသည်။ အထူးသဖြင့် **"အမှာစာ"** ရေးပေးရန် တောင်းခံခြင်းခံရသူကိုယ်တိုင်က ဝတ္ထုဖန်တီးရေးဖွဲ့တတ်သူဖြစ်နေလျှင် အကြိုက်တူရန် ပို၍ ခဲယဉ်းသည်ဟု ယူဆမိပါသည်။

သို့သော် **"စိတ်လျှော်စက်"** ဝတ္ထုတိုပေါင်းချုပ် ရေးဖွဲ့သူ 'မြသွေးရည်' သည် ယခု အမှာစာရေးနေသူနှင့် စာပေနယ်သို့ ဝင်ရောက်ခဲ့ပုံမှာ တစ်ထပ်တည်းဖြစ်ခဲ့ကြသည်။ လျှောက်ခဲ့သည့်လမ်းကလည်း တစ်လမ်းတည်းဖြစ်သည်။ ထို့ကြောင့် ခံစားချက်များ၊ အတွေးအခေါ်များနှင့် ယုံကြည်ချက်များကလည်း မကွဲပြားလှချေ။

ကျွန်မ၏ လက်ဦးဆရာဖြစ်သော **တက္ကသိုလ်ဆရာကြီး 'ဒေါင်းနွယ်ဆွေ'** က ၁၉၆၁ ခုနှစ်က ကျွန်မ ပထမဦးဆုံး ထုတ်ဝေခဲ့သည့် လုံးချင်းဝတ္ထုရှည်တွင် မုဒိတာစကား ရေးပေးခဲ့ဖူးသည်။ ဆရာက ကဗျာကို အလွန်မြတ်နိုး တန်ဖိုးထားတတ်သူဖြစ်သဖြင့် ကဗျာရေးနေရာက ဝတ္ထုဘက်သို့ ခြေလှမ်းလိုက်သော ကျွန်မကို ခပ်မြောက်မြောက်ကလေး တင်ပေးခဲ့သည်။ **"ကိန္နရီရုပ်ကို ထုလုပ်တဲ့ ပန်းပုဆရာဟာ စာခြောက်ရုပ်လောက်တော့ အသာကလေးပေါ့"** ဟူ၏။

ယခုလည်း 'မြသွေးရည်' ၏ ဝတ္ထုကလေးများကို ဖတ်ရင်း



ဆရာ ဒေါင်းနွယ်ဆွေ၏စကားကို အမှတ်ရလိုက်မိပါသည်။ ဆရာ့မှတ်ချက်ကဲ့သို့ မပြောလိုသော်လည်း 'မြသွေးရည်'၏ ဝတ္ထုကလေးများထဲတွင် ပူးကပ်စီးဆင်းနေသော **"ကဗျာဝိညာဉ်"** ကို ကျွန်မ သတိပြုလိုက်မိပါသည်။

ကြည့်ပါ-။

**"ဒေင်သို့အပြန်"** ဝတ္ထုတိုထဲမှ မိန်းကလေးတစ်ယောက်၏ အချစ်ခံစားချက်ကလေး။ **"အပြစ်မရှိပါဘဲ ရှက်နေတတ်သောအဖြစ်သည် ချစ်သူရှေ့မှာမှ ဖြစ်ပေါ်တတ်လေသည်တကား။ ဆံပင်တွေပဲ ပွနေမည်လား၊ မျက်နှာကပဲ ပြောင်တင်းတင်းကြီး ဖြစ်နေရော့သလား၊ အကျီကခါးများ တိုနေလေမည်လား။ အလကားနေရင်း မလုံမလဲ ဖြစ်နေမိလေသည်"** ဆိုသောအဖွဲ့-

**"သီချင်းအတူဆိုရအောင်"** ဝတ္ထုထဲမှ သီချင်းငှက်ကလေးကိုလည်း **"ခဏအကြာတွင် ပါးလျားဖြူဖျော့နေသော ညိုလဲ့၏မျက်နှာကလေးမှာ သွေးရောင်လျှမ်းလျက်၊ ချမ်းမြကြည်လင်လျက် ရှိနေလေပြီ။ လောကဓံ၏ ဒဏ်ရာဒဏ်ချက်တို့ဖြင့် မိန်းမောသွားခဲ့သော သီချင်းငှက်ကလေးသည် ယခုတော့ ဂီတလှိုင်းလေအလျဉ် သံစဉ်နိမ့်မြင့်တစ်လွှား ချစ်မိတ်ဆွေများနှင့်အတူ ပျံသန်းရင်း တေးချင်းဆိုနေပြန်ပြီကော"** ဟူသည့် သရုပ်ဖော်ချက်-

**"သူငယ်ချင်း"** ဝတ္ထုထဲတွင် တိုးတိုးနှင့်ဝေးတို့၏ သံယောဇဉ်ကို **"ဒီမှာ ဝေးရဲ့၊ မြောက်မြားလှစွာသော သမုဒယကြိုးမျှင်တွေနဲ့ ရစ်သိုင်းထားတဲ့ ဟော့ဒီ လူ့လောကကြီးမှာလေ သွေးသားလည်း မတော်စပ်၊ ထောင့်ငါးရာနဲ့လည်း မဆက်စပ်ဘဲ အင်မတန် ဖြူစင်သန့်ရှင်းပြီး နက်နဲခိုင်မြဲတဲ့ သူငယ်ချင်းချစ်ဆိုတာ လောကအလယ် မြတ်နိုးဖွယ်တည်ရှိနေကြောင်း၊ သိနားလည်အောင် တန်ဖိုးထားတတ်အောင် သင်ပြအသိပေးခဲ့တဲ့ နင့်ကို ငါချစ်မြတ်နိုးစွာနဲ့**



**ကျေးဇူးတင်လို့ မဆုံးတော့ပါဘူးကွယ်"** ဟူသော အရေး-

**"တစ်ခါက ငွေလဝန်း"** ဝတ္ထုထဲက မဆုံစည်းဖြစ်ခဲ့ကြသော ငယ်ချစ်ဦး၏သမီးနှင့် ပတ်သက်၍ ခံစားလိုက်ရသော ဒေါ်မြဒါခိုင်ကို **"နုတ်ခမ်းလှလှမှ အပြုံးစများ လွင့်စဉ်သွားကာ ဝန်းစက်သော မျက်လုံးများအကြည့်က မာ့မျက်နှာပေါ် နက်ရှိုင်းစွာ ကျရောက်လာလေသည်။ မာ့ပခုံးပေါ်သို့ လက်နှစ်ဖက်ကို တင်လိုက်ပြီး မာ့မျက်နှာ အစိတ်အပိုင်းများကို တစ်ခုစီ ကြည့်နေပုံမှာ တစ်စုံတစ်ရာကို ပင်ပန်းကြီးစွာ ရှာဖွေနေသည့်နှယ်။ သို့သော် မာ့ကို သူမြင်ပုံမပေါ်ဘဲ မှိုင်းပျရီဝေလာသော မျက်ဝန်းအစုံမှာ မာ့အစား တစ်စုံတစ်ယောက်ကို ကြည့်နေသယောင်ပါ။ ပြီးမှ တစ်ယောက်တည်း တိုးတိမ်စွာ ရေရွတ်လိုက်သည်"** ဟူသည့် အသေးစိတ်ပုံဖော်ထားချက်-

သည်မျှလောက် ဖော်ပြလိုက်လျှင်ပင် 'မြသွေးရည်' ၏ ဝတ္ထုများထဲတွင် ပူးကပ်စီးဝင်လျက်ရှိသော "ကဗျာဝိညာဉ်" ကို မြင်နိုင်ပါပြီ။ လောကအလှ၊ လောကသဘာဝ၊ လောကအပြများကို သိမ်မွေ့လှပသော အရေးအဖွဲ့ဖြင့် ပီပြင်စွာ သရုပ်ဖော်ထားနိုင်ပုံကြောင့် 'မြသွေးရည်' ၏ ဝတ္ထုရေးခြင်းအနုပညာကို လေးစားရပါသည်။ စကားလုံးရွေးချယ်ပုံ တိကျနူးညံ့မှုများကို မြင်သာ ထင်သာပါသည်။ လှပသော စကားလုံး အတွဲအဖက် များသော်လည်း ရေးသားပုံ ရှင်းလင်းသည်။ အပိုစကားလုံးများ ရှုပ်မနေဘဲ သူ့နေရာနှင့်သူ လိုအပ်သမျှသာ ကွက်တိ ရေးဖွဲ့ခဲ့သည်ကို ထောက်ရှု၍ 'မြသွေးရည်' သည် မြန်မာစာကို ကျွမ်းကျွမ်းဝင်ဝင်ရှိကြောင်း သိသာပါသည်။ မြန်မာစာ အရေးအသား၊ ဝါကျဖွဲ့ဆိုမှု၊ စကားလုံးရွေးချယ်မှု အားနည်းနေသော ယနေ့ကာလတွင် 'မြသွေးရည်' ၏ လက်ရာက နမူနာပြ ဖြစ်လိမ့်မည်ဟု ယူဆပါသည်။

စေတနာကောင်းသော၊ သရုပ်ဖော်မှု ပီပြင်သော၊ တင်ပြ



ပုံ သပ်ရပ်လှပသော **'မြသွေးရည်'** ၏ **"စိတ်လျှော်စက်"** ဝတ္ထုတိုပေါင်းချုပ်သည် ကွက်လပ်ဖြစ်လုနီးပါးဖြစ်နေသော **"ရသစာပေ"** အတွက် ဖြည့်စွမ်းအားအင်တစ်ရပ် ဖြစ်ပါစေဟု ဆုမွန်ကောင်း တောင်းလိုက်ရပါသည်။

**ကြူကြူသင်း**

■